ဖော်စေပြီးမှရှင်း ဟောရ၏။[မြန်မာတို့ **ခေါင်းပေါင်း** ပုံမှာ ဆံစ ပေါ်နေသောကြောင့် ဟော**ကောင်း၏**။]

(ဆ) ခေါင်းမြီး ခြုံထားသူအားလည်း တရား မဟော ကောင်း၊ ဟောလိုလျှင် ခေါင်းမြီးခြုံကို ဖွင့်စေပြီးမှ ဟောရမည်။

(ဇ) တရားဟောပုဂ္ဂိုလ်သည် အခင်းမပါသော မြေပေါ် ကြမ်းပေါ်၌ ထိုင်၍ ကျန်းမာလျက်နှင့် အခင်းပေါ်မှာ ထိုင်နေသူအား တရားမဟောကောင်း။

(ဈ) တရားဟောပုဂ္ဂိုလ်သည် နိမ့်သောနေရာ၌ ထိုင်၍ ကျန်းမာလျက်နှင့် မြင့်သောနေရာ၌ ထိုင်နေသူအား တရားမဟောကောင်း။

(ည) တရားဟောပုဂ္ဂိုလ်သည် နောက်မှ လိုက်၍ ကျန်းမာ ပါလျက် ရှေ့က သွားနေသူအား တရား မဟော ကောင်း။

(ဋ) တရားဟောပုဂ္ဂိုလ်သည် လမ်းဘေးက လိုက်၍ ကျန်း မာပါလျက် လမ်းပေါ်၌ သွားနေသူအား တရား မဟောကောင်း။

**မှတ်ချက်။** ။တရားမဟောကောင်းသော သိက္ခာပုဒ် ၁၆-ပါး၌ မကျန်းမမာသူဖြစ်လျှင် ဘယ်လိုနေနေ ထိုသူအား တရားဟောကောင်း၏၊ "တရား"ဟူရာ၌လည်း ပါဠိတော်နှင့် အဋ္ဌကထာတို့၌ တိုက်ရိုက်လာသောပါဠိစကား ကိုသာ တားမြစ်သည်၊ အခြား ဘာသာစကားဖြင့် တရား ဟောခြင်းကို မတားမြစ်ပါ။